


ချစ်သူရည်းစားထားခြင်းသည်

ကလေးငယ်များ ထုပ်ဆီးတိုးခြင်းနှင့်တူ၏

မည်သူမဆို

စည်းအတွင်းမှာ ကစားမှ သာ ရင်ခုန်ဖွယ် ဆွဲဆောင်မှုကိုပေး၍

စည်းအပြင်ထွက်မိပါက

ထမင်းရည်ပူစည်း လောင်တတ်သည် ။

အချစ်အကြောင်းကို ရေးကြီးခွင်ကျယ် ဖွဲ့ဆိုရလောက်အောင် ကျွန်တော် မစွမ်းဆောင်နိုင်ပါ။

ကိုယ့်ချစ်သူကိုတော့ အချစ်အကြောင်း ပိုင်နိုင်စွာ ပြောပြနိုင်ရန် အပြင်းအထန် ကြိုးစားထားပါသည် ။ ထိုသို့ လေ့လာသိရှိခဲ့သမျှ အနှစ်ချုပ်ကို ပြန်လည် ဖောက်သည် ချရပါမည်။

မေတ္တာတစ်အောင်စသည် အသိပညာတစ်ပေါင်နှင့် ညီသည် ဟူ၏။ ထိုဒဿနစကား၏ အလိုအရ ပေါင်တစ်ရာ့နှစ်ဆယ်ရှိသော ကျွန်တော့်ခန္ဓာကိုယ်တွင် အသိပညာ တစ်ပေါင်နှင့်ညီသော မေတ္တာတရား တစ်ရာ့နှစ်ဆယ် အောင်စရှိပေမည်။

ထိုသို့ဆိုလျှင် ကျွန်တော်၏ ခန္ဓာကိုယ်တွင် ကျန်ရှိနေသေးသော အလေးချိန်မှာ တဏှာချည်း သက်သက်(စစ်စစ်) ပေါင်တစ်ရာ့တစ်ဆယ်

ကျော် ကျန်ပေလိမ့်မည်။

ထိုသို့ဆိုလျှင် ကျွန်တော်၏ ပညာသည် ကျွန်တော့် ခန္ဓာကိုယ်တွင် ဆိုဖွယ် မရှိတော့....။

***

ချစ်သူရည်းစားထားခြင်းကို လူအများက စိတ်ကူးယဉ် သက်သက်ဖြင့် ဖွဲ့စည်းအပ်သော လေထဲမှ နန်းတော် အဖြစ်သတ်မှတ်ကြသည် ။ ကျွန်တော့် အယူအဆက ထိုသို့မဟုတ်။ လွန်စွာ လက်တွေ့ကျလှပသော ရင်ထဲမှာ သာ သီးပွင့်တတ်သော ဣစ္ဆာသယ ပန်းသီးဟု ထင်ပါသည် ။

ထိုပန်းသီးတွင် အညှာနှစ်ခုပါသည် ။ အဲ... ဆောရီး... ။ ပန်းသီး ဆိုမှ အညှာတစ်ခုပဲ ရှိမှာ ပေါ့...။ ဩော်... ဟိုအညှောင့် ထည့်ပေါင်းမိလို့ ...။ ပန်းသီးဘေးက အညှောက်လေ....။ ကဲ...ပြန်စမယ်...။

ထိုအညှာက်လေးကို ဖြတ်တောက်နိုင်သူမှာ ချစ်သူသာဖြစ်သည် ။ အညှာမှားရင်တော့ မတတ်နိုင်ဘူးပေါ့လေ...။ တရုတ်ပြည်မှာ ဈေးကောင်းနေတယ်ဆိုပဲ...။ တစ်စုံတစ်ရာတဲ့ ... ဟယ်... ဘယ်တွေ ရောက်ကုန်ပါလိမ့်...။ ဟယ်...ငါ့လက်က အတည်ရေးလို့ မရတော့ဘူးနဲ့ တူပါတယ်။

"ဘာဖြစ်ဖြစ် အတည်ပေါက်နဲ့ ဆက်ရေးဦးမှ ..."

အချစ်ဆိုသော မမြင်ရတဲ့ အရာလေးတစ်ခု ကျွန်တော့်စိတ်ထဲ ဝင်ရောက်ခဲ့ကတည်းက ဘဝက ဖရိုဖရဲ ဖြစ်ခဲ့ရတာပါ။ အမှန်တော့ အချစ်နဲ့ ကျွန်တော်သည် ရွာသာကြီးနဲ့ ဂိမ်းစီးတီးကဲ့သို့ နာမည်ချင်း ဆင်သယောင် ထင်ရသော်လည်း လွန်စွာဝေးကွာ လွန်းလှပါသည် ။ သို့သော် ချ

စ်သူကို စတင်တွေ့ရှိချိန်တွင် ဒိန်းတလိန်း နိုင်လှပါသည် ။

ယခင်က အချစ်ဆိုတာ ဖွဲဆန်ကွဲ ...။ ဖိုတကာ့ဖိုတွင် မဟာဖိုဟု ခံယူထားသော ကျွန်တော်သည် သူမနှင့် တွေ့ချိန်ကစပြီး ဖွဲမီးဖိုထဲ မီးစတင်လောင်ခဲ့ရလေပြီ...။ အကန့်အသတ် များ ပေါ် မူတည်၍ စစ်မှန်သော အတ္တ လက်ကိုင်ထားသော ထိုမဟာဖိုသည် သူမ၏ မျက်ဝန်းငွေ့ငွေ့ဒဏ်ကြောင့် မီးခိုးအူခဲ့ ရပေပြီ...။

မည်သို့သော အကြောင်းများကြောင့် ဤသို့ ဖြစ်စေခဲ့ရသည် လည်း မြစမ်းရီ...။ ဟယ်... ဒါငါ့ရည်းစားဟောင်း နာမည်ကြီး။ ဇာတ်နဲ့ လည်း မဆိုင်ပါဘူး။ ပြောင်းရေးဦးမှ .... ။

မည်သို့သော အကြောင်းများကြောင့် ဤသို့ဖြစ်စေခဲ့သည် ကို ကျွန်တော်မသိပါ။ သို့သော် ချစ်သူရည်းစား ဆိုသည် မှာ မုသားစကားများ အသုံးအများ ဆုံး အရာလေး တစ်ခုသာ ဖြစ်ပါလိမ့်မည်။

ထိုအထဲတွင် မှ မုသားစကား အသုံးအနည်းဆုံးက ကျွန်တော်ပင် ဖြစ်ပေလိမ့်မည်။ ကျွန်တော်၏ မုသားဇာတ်လမ်းအစမှာ ဤသို့တည်း... ။

***

နေရောင်ခြည်က ကန္တဲ့ကလျ ဖြာကျနေသည် ။ လေပြည် တစ်သုတ်ကလည်း ဖုတ်ဖက်ခါ တိုက်ခတ်နေပြီ...

ဓောချွေးများ ... ။ ကျွန်တော့် နဖူးပေါ်မှ ဓောချွေးများ လင်းယုန်ကဲ့သို့ လျှင်မြန်စူးစိုက်သော မျက်လုံးကို ရှာနေမိသည် ။

Toilet... ဘယ်မှာ လဲ Toilet. .. ။ အဲဒါက အရေးကြီးနေပြီ...။ အဆောင်မှ မထွက်ခင် သောက်ရေသန့်များ တစ်ဖြဲနှစ်ဖြဲ သောက်လာသမျှ အခုတော့ ခံစားရပြီ. . ။ ကျောင်းကလည်း ဒီနေ့မှ စဖွင့်ပြီး ...ဒီနေ့မှ ကျောင်းစတက်သော ကျောင်းသားမို့ Toilet ဘယ်နားမှာ ရှိမှန်းမသိ။ ဒုက္ခပါပဲ... ဒီမှာ ကလည်း ထွက်တော့မယ်... ငါဟဲ့ယောကျ်ားဟု အားတင်းကြည့်သည် ။ အားတင်းသဖြင့် စိတ်ပါ တင်းလာပုံရသည် ။ အေးလေ ယောကျ်ားလည်း ထွက်ချိန်တန်တော့ ထွက်တာပါပဲ။

ဘေးနားတွင် ဖြတ်သွားဖြတ်လာ ကျောင်းသားများ ရှိသော်လည်း မမေးရဲ..။ ကျောင်းသားကြီးများက ကျောင်းသားငယ်များကို လွန်စွာ ကျပ်တတ်သည် တဲ့ ...။

ဒါဆိုဘယ်သူ့ကို မေးရမလဲ…။ အခုချိန်ကျမှ မျက်နှာနီကြီးနှင့် အိမ်ပြန်ပြေးဖို့ လည်း မီမည်မထင်...။ ဆီးက အထွတ်အထိပ် ရောက်နေပြီ။ နားထင်မှာ တဒိန်းဒိန်း... ပျို့ချင်သလိုလို အန်ချင်သလိုလိုလည်း ဖြစ်နေပြီ...။

မျက်လုံးကို ကျီးကန်းတောင်းမှောက် လိုက်ရှာကြည့်သည် ။

ဖျတ်ခနဲ ကြားရသော ခြေသံနနတစ်ခု..။ ကြည့်လိုက်တော့ ရုပ်ရည်လှလှပပ မိန်းမပျိုတစ်ဦး... ။ ဟုတ်ပြီ…။

"ညီမ... ညီမ.. အဲလေ အစ်မ ... အစ်မ..."

ကောင်မလေးက ခြေလှမ်းတုံ့ပြီး ဖျတ်ခနဲ ဝေ့ကြည့်သည် ။ ဆံပင်အရှည်လေးနှင့် လှပါသည် ။ သို့သော် မလှသည် က သူမပါးစပ်ထဲ မုန့်အပြည့် အသိပ်ထိုးထည့်ထားခြင်းပင်...။

"ဟို... ဟိုလေ... ယောကျ်ားတို့ ဖြစ်တတ်တဲ့ အရေးပေါ့ဗျာ... အဲဒါ ဘ

ယ်နားမှာ လဲ... ဘယ်နားမှာ လဲဟင်..."

ကောင်မလေး မျက်လုံးပြူးပြီး ကြည့်သည် ။ ကျွန်တော် အလှဆုံးပြုံး ပြလိုက်ပြီး...

"အဟဲ... ကျွန်တော် မရတော့လို့ ပါ ညီမရယ်. . . အဲ...အစ်မရယ်"

ကျွန်တော့်ပုံက ဗိုက်ပဲညှစ်ရတော့မလို၊ ခေါင်းပဲသပ်ရတော့မလို ဖြစ်နေပြီ။ လူက ခုန်ဆွဆွနှင့်။ အကြောကတက်ပဲနေပြီကိုး...။ ကောင်မလေး ပြုံးလိုက်သည် ။ ပါးစပ်ထဲ မုန့်အပြည့်နှင့်မို့ ကြည့်မကောင်းပါ... နောက်... သူ့လက်တစ်ဖက်ဖြင့်...

"ဒီဘက်သွား .. ဒီလိုပြန်ကွေ့..."

ဟူသော အဓိပ္ပာယ်ရသည့် လမ်းညွှန်မျိုးနှင့် ညွှန်ပြသည် ။

"ကျေး..."

ဆိုသည့် စကားလုံးသာ သူမကြားရမည်ဖြစ်ပြီး "ဇူး" ဆိုသည့် စကားလုံး မှာ သူမ မှုန်ဝါးဝါးသာ ကြားရပေလိမ့်မည်။ အဘယ်ကြောင့် ဆိုသော် ကျွန်တော် ကိုယ်တိုင်မီးခိုးအူအောင် ပြေးထွက်သွားမိ၍ ဖြစ်သည် ။

သူမညွှန်ပြသည့် အတိုင်း ဘယ်ဘက်ကို ကွေ့သည် ။ "ကျွဲ"ညာဘက်ကို ပြန်ကွေ့သည် ။ "ကျွဲ" မတွေ့...။ Toilet ကိုမတွေ့...။ ပြာပြီ...။ မျက်လုံးပါပြာပြီ။ ကမန်းကတန်း အရှေ့ကို ဆက်သွားတော့မှ ...

အား...

ရင်ကွဲတံခါးနှစ်ခုက ကျွန်တော့်ကို နန်းတော်ကြီးသဖွယ် ကြိုဆိုနေ၏။ ကျွန်တော် စဉ်းစားမနေတော့ဘဲ ဝမ်းသာအားရ ပြေးဝင်လိုက်ပြီး

အိမ်သာခွက် လိုက်ရှာကြည့်သည် ။ မတွေ့ အခန်းကလေးက အတော်လေး မှောင်နေသည် ။ ရုတ်တရက် အလင်းထဲမှ အမှောင်ထဲဝင်မိ၍ ရုပ်ရှင်ရုံထဲ ဝင်မိသလို ဘာမှ မမြင်ရ... ထို့ကြောင့် မြန်မာ့နည်း မြန်မာ့ဟန်ဖြစ်သော အုတ်နံရံ ဘေးနားမှာ သာ...

"ဖြိ"

"ဟား ..."

ဆံပင်များ ထောင်မတတ် လူပင် မြောက်ကြွမြောက်ကြွ ဖြစ်သွားသည် ။ အသည်းထဲ အေးခနဲ လိုက်ဆင်းသွား၏။ မည်သူမဆို အဲဒီအရသာမျိုး ကြုံဖူးမည် ထင်သည် ။ ကောင်းလိုက်တာဟု နှုတ်မှ တိုးတိုးဖွဖွ ရေရွတ်ရင်း မျက်လုံးကိုစင်းပြီး အောင်နိုင်သူ စစ်သူကြီးသဖွယ် ခေါင်းကိုမော့၍ မိန့်မိန့်ကြီး ပြုံးထားလိုက်သည် ။ အောင်မာ... လူတွေလစ်တုန်းမို့ လက်ကလေးပင် ချိုးလိုက်သေး။

"ရပ်ကြီးသူတို့ . . ဟန်မူပိုမို.. ရပ်ကြီးသူတို့ ... ဟန်မူပိုမို.."

ကျွန်တော့် ရင်ခေါင်းထဲက လာသည့်အသံ...။ ဖန်တီးနိုင်တဲ့ ဉာဏ်ရှိတဲ့ လူဟာ နံရံဆေးကော့ပန်းရင်တောင် ထန်းတောဖြစ်တယ် ဆိုသော ပန်းချီဆရာကြီး ဦးဘသက်၏ စကားကို သိလိုစိတ်နှင့် အမြီးကိုယမ်း၍ ထန်းတော ရေးကြည့်သည် ။ ထန်းတောမဖြစ် ရေဆေးနှင့် မျှောထားသော ကောင်းကင်လုလု တစ်စုံသာ ဖြစ်သွား၏။ "ယစ်" ... ဘရစ်လီ ညှစ်သလို ကြွက်သားနှင့် မေးရိုးများကို ညှစ်လိုက်သည် ။

နှာခေါင်းကို ပိတ်၍ ညောင်ဟု အော်ကြည့်သည် ။ ဘရစ်လီအသံနှင့် မတူ ပြာသိုကြောင်သံနှင့်သာ တူနေ၏။

"ဟား"

ဆံပင်ကို ဖွ၍ လက်မြှောက်ထားလိုက်သည် ။

ကျေးဇူးတင်လိုက်တာ ကောင်မလေးရယ်။ နောင်ဘယ်သောအခါ ကြုံကြုံ.. မင်းကိုငါ တဝကြီး ကျေးဇူးဆပ်ပါ့မယ် မင်းကျေးဇူးတွေ ငါ့မှာ တစ်လုံးမက...။ အဲလေ... တစ်သက်လုံးမက ရှိသွားပါပြီ။

ကျွန်တော့်အပြုံးတို့ ထိုအချိန်တွင် အပွင့်ဆုံး။ ထိုအချိန်တွင် မျက်လုံး တစ်ဖက်မှိတ်၍ နှုတ်ခမ်းတစ်ဖက်တည်း မြှင့်ပြုံးရတာ အရသာအရှိဆုံး။ ပြီးပြီ...။ ပေါ့တာမှ ဖနောင့်ပါ ကွဲနေသည် အထိ ပေါ့သွားပြီ။ ထို့ကြောင့် ရေဆွဲခလုပ်ကို လိုက်ရှာကြည့်သည် ။ အောက်တွင် မတွေ့။ အပေါ်မော့ကြည့်တော့မှ ကြိုးတစ်ချောင်း တွေ့ရ၏။

"ဩော်"

ရေဆွဲခလုပ်က အမြင့်သား ။ ကျွန်တော် ခလုပ်ကို ဆွဲလိုက်ရာ...

"ဟင်"

ချက်ချင်း လင်းတက်လာသော အလင်းရောင်... ။ ဘာဖြစ်သွားပါ လိမ့် ... စဉ်းစား၍ မရခင် ကျွန်တော် လန့်ပြီး နောက်ကို လှည့်ကြည့် လိုက်တော့...။

"ဟာ"

ကျွန်တော့်ကို တအံ့တဩလေး စိုက်ကြည့်နေသော မျက်ဝန်းလေးစုံ။ အားလုံးတိုက်ပုံတွေနှင့်... နောက်... မသင်္ကာလို့ အခန်းထဲဝေ့ကြည့် လိုက်တော့မှ ...

"ဟား...သေပြီ..."

ဆရာများ နားနေဆောင်...တဲ့ ...။ ချက်ချင်း မျက်လုံးကြီးလည်း ပြူး

လူကလည်း ခဲဆွဲသလို ပြန်လေးကျသွားသည် ။ ဒူးတွေလည်း တဆတ်ဆတ် တုန်လာသည် ။ ဆရာများက အံ့သြစိတ်နှင့် ကျွန်တော့်ကို ငေးကြည့်နေတုန်း...

"ဝရား... ဝရား... ဝရား..."

နားထင်ပေါ် လက်သီးနှစ်လုံး ဘယ်ပြန်ညာပြန် ထောက်၍ ခြောက်မိသွားသည် ။ ဆရာများ အားလုံးတွန့်ခနဲ... ။နောက်။ နားထင်ပေါ် လက်သီးဆုပ်နှစ်ဖက်တင်ပြီး လှည့်ကာ မျက်လုံးကိုပြူး နှုတ်ခမ်းကိုပြဲး၍ ...

"ကျွန်တော် ရူးနေတာဗျ... ကျွန်တော် ရူးနေတာ... ကဲ...သွားပြီ ဆရာတို့ ပလို့ ဂျိ..."

ဟု အော်ပြီး ရင်ကွဲတံခါး နှစ်ဖက်ကို ဝုန်းခနဲ မြည်အောင်တွန်းရင်း ပြေးထွက်မိသည် ။ ဆရာများက ငေးကြည့်နေတုန်း

"ကျွီ"

အပြင်ရောက်တော့ ဘယ်ဆက်ပြေးရမှန်း မသိ။ တောင်ဘက်ပြေးရမလို မြောက်ဘက် ပြေးရမလိုနှင့် မထူးသည့်အဆုံး အရှေ့တည့်တည့်သာ ခြေကုန်သုတ်မိတော့၏။

"ကျွီ"

ဟား... ကျွန်တော့် ရှေ့တည့်တည့်မှ ဆီးကြိုနေသော ရင်ကွဲတံခါးတစ်ခု။ Toilet တဲ့ ... ဟာ .. ဒါမှ အိမ်သာ။ ဒါမှ အိမ်သာအစစ်။ ကျွန်တော်လည်း စဉ်းစားမနေတော့ဘဲ ထိုအိမ်သာထဲသာ ပြေးဝင်လိုက်မိသည် ။

အိမ်သာထဲရောက်တော့ ဘာလုပ်လို့ လုပ်ရမှန်း မသိဘဲ ရင်ကွဲတံခါးလေးကို ဖက်၍ အပြင်ဘက် ကြီးကြည့်ကြောင်ကြည့်နှင့် ချောင်းနေမိသည် ။ ဘာမှ မထူးခြား။ အားလုံးက အငြိမ်။ ထိုတော့မှ စိတ်အေးသက်

သာစွာ သက်ပြင်းချမိသည် ။ နဖူးမှ ချွေးများ သပ်ချမိသည် ။ ဘာလှုပ်ရှားမှုမှ မရှိတော့မှ စိတ်ချလက်ချ အနောက်လှည့်ကြည့်လိုက်မှ ...

"ဟာ"

ကျွန်တော့်ကို တအံ့တသြ စိုက်ကြည့်နေသော မိန်းကလေးများ ။ တချို့က အလုပြင်ရင်း တန်းလန်း။ အားလုံး ကျောက်ရုပ်တွေလို မလှုပ်မရှားဘဲ ကျွန်တော့်ကို ပြူးကြောင် ကြည့်နေကြသည် ။

ကျွန်တော်ရူးပြီ။ ကျွန်တော် တကယ်ရူးပြီ။

ကျွန်တော့် ရေရွတ်သံကြားမှ မိန်းကလေးများ ထံမှ

"ဟား"

ခနဲ အသည်းအေး၍ အော်သံများ ။

"လူ ...လူ..."

"လာကြပါဦးတော့ ..."

ဟူသော အော်သံများ နှင့် အတူ အရှေ့ တိုးထွက်လာသော ကောင်မလေး တစ်ယောက်

"ဟင်"

"ဟာ"

မိန်းကလေးမှ မိန်းကလေး စစ်စစ်တစ်ယောက်။ သူ့မျက်လုံးတွင် အံ့သြရိပ်တို့ ...။ ကျွန်တော်လည်း အပြုံးများ ပျောက်၍ မျက်လုံးများ ပြူးပြီး ..

"ဟင်... ရှင်... ရှင်..."

ကောင်မလေး၏ မယုံနိုင်စရာ လက်ညှိုး ... ပြီးတော့ ကျွန်တော့်ကို တွန်းထုတ်ပြီး...

"ဟင်... ရှင်ရှင်... ဘာလုပ်တာလဲ"

ကျွန်တော် ရှင်းပြရန် ပြင်ဆင်ချိန်မှာ ပင်....

"ကဲဟာ ..." ဟူသော

ရေရွတ်သံနှင့်အတူ မြောက်တက်လာသော ဒေါက်ဖိနပ်တစ်ဖက်... ။ အနက်ရောင်ကလေး ..။ ဖိနပ်ထိပ်ချွန်လေးတွင် ငွေနားကွပ်ထား၏။ ထိုဘေးမှာ မှ ဖိနပ်အမျိုးအစား တံဆိပ် Redan beadတဲ့ ။ ဩော်... အီတလီနိုင်ငံထုတ် ဖိနပ်ပါလား...။ အောင်မာ... ဖိနပ်ကြိုးများ ဖန်လုံးလေးတွေတောင် စီထားသား...။ ဖိနပ်ဒေါက်တွင်းမှာ သလင်းရောင်ဖြူလေး ...။ လှလိုက်တာ။ ကြည့်မဝနိုင်အောင် လှသည့် ဖိနပ်လေး။ အတော် တန်ဖိုးကြီးမှာ ပဲနော်...။ ထိုလှတာလေးကို ငေးကြည့်နေစဉ်မှာ ပင်...။

"အောင်မလေးဗျ"

ထိုလှတာကြီးက နဖူးထောင့်စွန်းကို ကျလာခြင်း ဖြစ်၏။ မျက်လုံးထဲမှ ကြယ်တစ်စုံ ခုန်ထွက်လာသည် ။ နာလွန်းလို့ အော်မည် ကြံတုန်းမှာပင် ကြားလိုက်ရသော အသံက...

"လာကြပါဦးတော်... ဒီမှာ ဒီမှာ အမျိုးသမီး အိမ်သာထဲ ယောက်ျားဝင်လို့ ဗျ..."

"ဟာ"

ထိုတော့မှ ကျွန်တော် ရောက်နေသော နေရာ ပြန်စဉ်းစားမိသည် ။ နောက်ဘာမှ မစဉ်းစားနိုင်ဘဲ ဝုန်းခနဲ အပြင်ပြေးအထွက်...

"ဒေါင်"

"ဟိုက်... ကွဲပြန်ပဟ..."

ထပ်မံတိုက်မိသော အရာတစ်ခု... ကြည့်လိုက်တော့ Womenတွဲ ။ ဆိုင်းဘုတ်တွင် ရေးထားသော စကပ်ပုံကလေထဲ လွှားခနဲ လွှားခနဲ...။ တကယ် မိန်းကလေးသာဆို ကျွန်တော်တိုက်လိုက်တဲ့ အရှိန်ကြောင့် စကပ်ပါ လေဟပ်ပြီး လန်သွားလောက်သည် ။ ကျွန်တော့် ခြေလှမ်းများက တော့ မှုန်... လို့ ...။

***